**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ်၊ ၃၁/ ၂၀၂၃**

**၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်**

**(၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၇ ရက်)**

**အကောက်ခွန်နှုန်း လျှော့ချသတ်မှတ်ခြင်း**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် အကောက်ခွန်နှုန်းဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း လျှပ်စစ်သုံးယာဉ်များ အသုံးပြုမှုနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်ပမှ Completely Built Up- CBU စနစ်၊ Completely Knocked Down- CKD စနစ်နှင့် Semi-Knocked Down- SKD စနစ်တို့ဖြင့် တင်သွင်းသည့် အောက်ဖော်ပြပါ ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ကို ရယူမောင်းနှင်သည့် ဘက်ထရီ လျှပ်စစ်သုံးယာဉ် (Battery Electric Vehicle – BEV) အမျိုးအစားများ၊ ဆက်စပ်ပစ္စည်းများနှင့် အပိုပစ္စည်းများအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ တွင် သတ်မှတ်ထားသော အကောက်ခွန်နှုန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ သုညရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်လိုက်သည်။

(က) လမ်းပေါ်တွင် မောင်းနှင်နိုင်သည့် နောက်တွဲယာဉ်ကို ဆွဲသည့်ယာဉ် (Road tractor for Semi-trailer)၊

(ခ) ယာဉ်မောင်း အပါအဝင် ၁၀ ဦး သို့မဟုတ် ၁၀ ဦးနှင့်အထက် စီးနင်းနိုင်သော ခရီးသည်တင်မော်တော်ယာဉ်
(Bus) (Motor Vehicles for the transport of ten or more person including the driver)၊

(ဂ) ကုန်တင်ယာဉ် (Truck)၊

(ဃ) လူစီးယာဉ် (Motor Vehicles for the transport of person)

(င) သုံးဘီးတပ်ယာဉ် (လူစီး) (Three-wheeled vehicles for transport of person)၊

(စ) သုံးဘီးတပ်ယာဉ် (ကုန်တင်) (Three - wheeled vehicles for transport of goods)၊

(ဆ) လူစီး နှစ်ဘီးတပ် လျှပ်စစ်မော်တော်ဆိုင်ကယ် (Electric Motorcycle)

(ဇ) လူစီး နှစ်ဘီးတပ် လျှပ်စစ်စက်ဘီး (Electric Bicycle)

(ဈ) လူနာတင်ယာဉ် (Ambulance)

(ည) ထောင်ကား (Prison Vans)

(ဋ) နိဗ္ဗာန်ယာဉ် (Hearses)၊


(ဌ) အပိုဒ်ခွဲ (က) မှ (ဋ) ထိပါ လျှပ်စစ်သုံးယာဉ်များ နှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ တင်သွင်းခြင်းအတွက် နည်းပညာဆိုင်ရာ ထောက်ခံချက်ပါရှိ သည့် ဘက်ထရီလျှပ်စစ်သုံးယာဉ်များ၏ ဆက်စပ်ပစ္စည်းများ (ဥပမာ- အားသွင်း ရုံဆိုင်ရာ ပစ္စည်းများ၊ အားသွင်းစနစ်ဆိုင်ရာပစ္စည်းများ) နှင့် စက်မှုဝန်ကြီးဌာန၏ တင်သွင်းခြင်းအတွက် ထောက်ခံချက်ပါရှိသည့် ပူးတွဲစာရင်းပါ ဘက်ထရီလျှပ်စစ် သုံးယာဉ်များ၏ အပိုပစ္စည်း (Spare Parts) များ၊


၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ မတ်လ ၃၁ ရက်ထိ အကျိုးသက်ရောက်သည်။

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

နောက်ဆက်တွဲ

## Spare Parts for Battery Electric Vehicle

| No. | Nomenclature | Figure | Remark |
|---|---|---|---|
| 1 | Traction Battery Pack |  | |
| 2 | Electric Traction Motor |  | |
| 3 | Battery Management System (BMS) |  | |
| 4 | Drive Control Unit (DCU) |  | |
| 5 | DC-DC Converter |  | |
| 6 | Electrical Circuit Breaker for EV of Disconnect Parts |  | |
| 7 | Charge Port |  | |
| 8 | Portable EV Charger |  | |
| 9 | On-board charger |  | |

| | | | |
|---|---|---|---|
| **10** | **Power Inverter** |  | |
| **11** | **EV Connectors** |  | |
| **12** | **High Voltage Harness** |  | |
| **13** | **Controller** |  | |
| **14** | **Battery Cooling System (Thermal)** |  | |
| **15** | **Charging Cable** |  | |
| **16** | **Charging Adapters** |  | |

မှတ်ချက်။ - အမျိုးအစားအလိုက်ပုံများကို နမူနာအဖြစ်သာ ထည့်သွင်းထားခြင်း ဖြစ်ပါသည်။

- ယာဉ်အမျိုးအစား၊ ထုတ်လုပ်သည့် Manufacturer ၏ Design နှင့် တိုးတက်ပြောင်းလဲလာမည့် နည်းပညာအပေါ် မူတည်၍ နမူနာပြပစ္စည်းပုံများသည် ပြောင်းလဲမှုရှိနိုင်ပါသည်။